
Kids of Destiny
Reaching the Forgotten
www.kidsofdestiny.org

# ယောသပ်နှင့်သူ့ညီအစ်ကိုများ 2.02

## ကမ္ဘာဦးကျမ်း ၃၇

ဟိုးရှေးရှေးတုန်းက အာဗြဟံလို့ခေါ်တဲ့လူတစ်ယောက်ဆီမှာ ဣဇက်လို့ခေါ်တဲ့သားတစ်ယောက်ရှိတယ်။ ဣဇက်မှာလည်း ယာကုပ်လို့ခေါ်တဲ့သားတစ်ယောက်ရှိတယ်။ ဒီလူတွေအားလုံးဟာ ဘုရားသခင်ကိုချစ်ကြပြီး၊ ဘုရားသခင်ရဲ့စကားကို နာခံကြသူတွေ ဖြစ်တယ်။

ယာကုပ်မှာ သားဆယ့်နှစ်ယောက်ရှိတယ်။ သူ့သားအားလုံးကိုချစ်ပေမယ့် သားတစ်ယောက်ကိုတော့ အထူးချစ်တယ်။ အဲဒီသားရဲ့နာမည်က ယောသပ်လို့ခေါ်တယ်။ ယောသပ်ဟာ ယာကုပ်အသက်ကြီးမှရတဲ့သားဖြစ်တဲ့အတွက် သူဟာထူးခြားသူဖြစ်တယ်။ အရောင်တွေအများကြီးပါတဲ့အင်္ကျီကို ယောသပ်အတွက်ယာကုပ်ကချုပ်ပေးတယ်။ အဲဒီအင်္ကျီကို သူ့အစ်ကိုတွေကမြင်တဲ့အခါ သူ့ကိုမုန်းကြတယ်။ သူတို့ဖခင်ဟာ ယောသပ်ကိုအချစ်ဆုံးလို့ သူတို့သိကြတယ်။

တခါတလေမှာ ယောသပ်ဟာ အိပ်မက်တွေ မက်တတ်တယ်။ သူ့အစ်ကိုတွေကို အိပ်မက်တွေအကြောင်းပြောပြတဲ့အခါ သူ့ကိုပိုပြီး မုန်းကြတယ်။ "ငါ့အိပ်မက်ကို နားထောင်ကြည့်ပါဦး" လို့ သူကသူတို့ကိုပြောတယ်။ ပြီးတော့ သူတို့ကိုပြောပြတယ်။

တစ်ညမှာ လယ်ကွက်ထဲကကောက်လှိုင်းစည်းတွေအကြောင်း ယောသပ်အိပ်မက်မက်တယ်။ သူ့အစ်ကိုတွေမှာလည်း ကိုယ်စီကောက်လှိုင်းစည်းတွေရှိကြတယ်လို့ သူပြောပြတယ်။ သူ့ကောက်လှိုင်းစည်းက မတ်တပ်ထောင်နေပြီး၊ အခြားကောက်လှိုင်းစည်းတွေကသူ့ကောက်လှိုင်းစည်းကို ဦးညွှတ်ကြတယ်။ သူ့အစ်ကိုတွေက စိတ်ဆိုးကြတယ်။ ဒါဘယ်လိုအိပ်မက်ကြီးလဲ။ ယောသပ်က သူတို့အားလုံးထက် ပိုအရေးကြီးတယ်ဆိုတဲ့သဘောလား?

အဲဒီနောက် ယောသပ်ဟာ အိပ်မက်ထပ်မက်ပါတယ်။ သူ့အစ်ကိုတွေကိုလည်း သူ့အိပ်မက်အကြောင်းပြောပြတယ်။ "ငါအိပ်မက်နောက်တစ်ခုထပ်မက်တယ်၊ နေ၊ လနဲ့ ကြယ်ဆယ့်တစ်လုံးက ငါ့ကိုဦးချအရိုအသေပေးနေတယ်" လို့ သူ့အစ်ကိုတွေကိုပြောပြတယ်။ သူ့ဖခင်ယာကုပ်ကိုလည်း သူ့အိပ်မက်အကြောင်းပြောပြတယ်။ "မင်းအိပ်မက်အရဆိုရင် မင်းအမေ၊ ငါနဲ့မင်းအစ်ကိုတွေက မင်းကို ဦးချရမှာလား?" ဆိုပြီး ယာကုပ်ကသူ့ကိုဆူပြီးပြောပါတယ်။ ဒါပေမယ့် ယာကုပ်ဟာ သူ့နှလုံးသားထဲမှာ အဲဒီအရာကိုဆက်တွေးတောနေ တယ်။ ယောသပ်ရဲ့အိပ်မက်အနက်အဓိပ္ပါယ်ကို သူအံ့သြနေတယ်။

တစ်ရက်တော့ ယာကုပ်ရဲ့သားကြီးတို့ဟာ ကွင်းပြင်မှာအလုပ်လုပ်နေကြတယ်။ သူတို့တွေ အဆင်ပြေကြသလားလို့ သိချင်တဲ့အတွက် ယောသပ်ကိုသူတို့ဆီသွားကြည့်ဖို့ ယာကုပ်ကလွှတ်လိုက်တယ်။ ယောသပ်ဟာ သူ့ဖခင်ဆီ အကြောင်းပြန်ကြားပြောဖို့ ဖြစ်တယ်။

ယောသပ်ဟာ သူတို့ဆီကိုဦးတည်ပြီးလာနေတာကိုမြင်တော့ သူ့အစ်ကိုတွေဟာ သူ့ကိုစိတ်ဆိုးကြတယ်။ "အိပ်မက်ဆရာလာနေပြီ" လို့ သူတို့ပြောကြတယ်။ "သူ့ကိုသတ်ပြီး၊ တောတိရစ္ဆာန်တွေက သူ့ကိုကိုက်သတ်လိုက်တာလို့ အဖေ့ကိုပြောကြစို့။"

ဒါပေမယ့် သူ့အစ်ကိုတွေထဲက ရုဗင်ကတော့ ယောသပ်ကိုမသတ်ချင်ဘူး။ "သူ့ကိုရေတွင်းပျက်ထဲမှာထားကြစို့" လို့ သူကပြောတယ်။ ရေတွင်းပျက်ဟာ ရေရှိတဲ့နေရာဖြစ်တယ်။ ရေတွင်းပျက်ထဲမှာတော့ ရေမရှိဘူး။ သူ့ညီအစ်ကိုတွေဟာ အဲဒီအကြံကိုသဘောတူကြပြီး ယောသပ်ကို အဲဒီထဲချထားကြတယ်။ သူ့ရဲ့ရောင်စုံအင်္ကျီကိုတော့ သူတို့သိမ်းထားကြတယ်။

သိပ်မကြာခင်မှာ ကုန်သည်အုပ်စုတစ်စုက အီဂျစ်ကိုသွားဖို့ သူတို့အနားကလမ်းကနေ ဖြတ်သွားကြတယ်။ ညီအစ်ကိုတွေဟာ အကြံတစ်ခုရလာတယ်။ ယောသပ်ကို ရေတွင်းပျက်ထဲက ဆွဲတင်ပြီး၊ ကုန်သည်တွေဆီ ရောင်းစားလိုက်ကြတယ်။ အဲဒီလူတွေက သူတို့နဲ့အတူယောသပ်ကို အီဂျစ်ခေါ်သွားကြတယ်။

ယောသပ်ရဲ့အစ်ကိုတွေဟာ အိမ်ပြန်သွားကြပြီး၊ ယောသပ်ကို တောရိုင်းတိရစ္ဆာန်တွေက ကိုက်သတ်လိုက်ကြတယ် လို့ ပြောကြတယ်။ သူတို့က ယာကုပ်ကို ယောသပ်ရဲ့အင်္ကျီပြကြတယ်။ သူတို့ပြောတဲ့အကြောင်းအရာ ယုတ္တိရှိဖို့အတွက် အင်္ကျီအပေါ်မှာ တိရစ္ဆာန်ရဲ့ အသွေးစွတ်ကြတယ်။ ယာကုပ်ဟာ အရမ်းအရမ်းဝမ်းနည်းတယ်။ သူ့မိသားစုက သူ့ကိုနှစ်သိမ့်ဖို့ ကြိုးစားပေမယ့် သူ့ခများမနှစ်သိမ့် နိုင်ရှာဘူး။ "တစ်သက်လုံးဝမ်းနည်းစွာနဲ့နေရတော့မယ်" လို့ သူပြောတယ်။

ဒါပေမယ့် ဒီအခြေအနေက ယောသပ်ဘဝရဲ့နိဂုံးချုပ်မဟုတ်ဘူး။ အီဂျစ်မှာ သူ့ဘဝဟာ အရမ်းစိတ်လှုပ်ရှားစရာ ကောင်းပါတယ်။

## ယောသပ်နှင့်သူ့ညီအစ်ကိုများ - ဆရာလမ်းညွှန် 2.02

### အဓိကအချက်များ

၁) ယာကုပ်မှာသားဆယ့်နှစ်ယောက်ရှိတယ်။ ယောသပ်ကိုအချစ်ဆုံးဖြစ်တယ်။ ယာကုပ်အသက်ကြီးမှယောသပ်ကို မွေးတယ်။

၂) ယာကုပ်က ယောသပ်အတွက် ရောင်စုံအင်္ကျီချုပ်ပေးတယ်။ အဲဒါကိုတွေ့တော့ သူ့အစ်ကိုတွေက ယောသပ်ကိုမုန်းကြတယ်။

၃) ယောသပ်အိပ်မက်တွေမက်တယ်၊ အဲဒီအိပ်မက်တွေကြောင့် သူဟာမိသားစုမှာအရေးကြီးသူလို့မြင်စေတယ်။

၄) ကွင်းပြင်မှာအလုပ်လုပ်နေတဲ့သူ့အစ်ကိုတွေကို သွားကြည့်ဖို့ ယာကုပ်က ယောသပ်ကို သွားကြည့်စေတယ်။

၅) ယောသပ်ရဲ့အစ်ကိုတွေက အီဂျစ်ကကုန်သည်တွေဆီ သူ့ကိုရောင်းလိုက်တယ်။

၆) ယောသပ်ဟာ တိရစ္ဆာန်ကိုက်လို့သေသွားတယ်လို့ သူ့အစ်ကိုတွေက သူ့အဖကိုပြောတယ်။

### မေးခွန်းများ

၁) ယောသပ်ဟာ ဘာ့ကြောင့်ယာကုပ်ရဲ့အချစ်ဆုံးသား ဖြစ်ရတာလဲ?

၂) အချစ်ဆုံးသားဖြစ်တဲ့ယောသပ်ကို ယာကုပ်ကဘာလုပ်ပေးခဲ့သလဲ?

၃) မိသားစုဝင်အားလုံးထက် ယောသပ်ကပိုအရေးကြီးကြောင်း ဘယ်အရာဖြစ်စေခဲ့တာလဲ?

၄) ယာကုပ်က ယောသပ်ကို ဘာလုပ်ခိုင်းလိုက်သလဲ?

၅) သူ့ညီအစ်ကိုတွေက ယောသပ်ကိုဘာလုပ်လိုက်သလဲ?

၆) သူ့ညီအစ်ကိုတွေ အိမ်ပြန်ရောက်တဲ့အခါ သူတို့အဖေကို ဘာပြောကြသလဲ?

### အဖြေများ

၁) ယာကုပ်အသက်ကြီးမှသူ့ကိုမွေးတဲ့အတွက် ယောသပ်ဟာယာကုပ်ရဲ့အချစ်ဆုံးသားဖြစ်တယ်။

၂) အချစ်ဆုံးသားဖြစ်တဲ့ယောသပ်ကို ယာကုပ်ကရောင်စုံအင်္ကျီချုပ်ပေးပါတယ်။

၃) ယောသပ်မက်တဲ့အိပ်မက်တွေကြောင့် သူ့မိသားစုထက်ပိုအရေးပါသူ ဖြစ်လာစေပါတယ်။

၄) ကွင်းပြင်မှာအလုပ်လုပ်နေတဲ့သူ့အစ်ကိုတွေကို သွားကြည့်ဖို့ ယောသပ်ကိုယာကုပ်က စေခိုင်းပါတယ်။

၅) ယောသပ်ကိုသူ့အစ်ကိုတွေက အီဂျစ်သွားတဲ့ကုန်သည်တွေဆီ ရောင်းလိုက်ပါတယ်။

၆) ယောသပ်ကိုတိရစ္ဆာန်တစ်ကောင်ကကိုက်သတ်လိုက်ပြီလို့ သူ့အစ်ကိုတွေကသူ့အဖေကို အိမ်ရောက်တဲ့အခါ ပြောပြပါတယ်။

### ကမ္ဘာဦးကျမ်း ၃၇

ယောသပ်ကဲ့သို့ ဘုရားသခင်ကိုကိုးစားရင်၊ ခက်ခဲကြမ်းတမ်းတဲ့နေရာနဲ့ပတ်ဝန်းကျင်ထဲကနေ ဘုရားသခင်က ကျွန်ုပ်တို့ကို ကူညီပါလိမ့်မယ်။



Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org